Notification from the Anti-Corruption Commission

| | |
|---|---|
| ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် | Republic of Union of Myanmar |
| အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် | Anti-Corruption Commission |
| အမိန့်ကြော်ငြာစာ အမှတ် ၁၄/ ၂၀၁၈ | Notification No.14/2018 |
| ၁၃၈၀ ပြည့်နှစ်။ သီတင်းကျွတ်လဆန်း (၁၀) | 10th Waxing of Thadingyut 1380 ME |
| ၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၁၉ရက် | October 19 – 2018 |
| ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ၊သင့်လျော်သော ထိန်းချုပ်မှု များကို ချမှတ်ဆောင်ရွက်ရန် အခြေခံ အချက်များ သတ်မှတ်ခြင်း | Fundamental principles for businesses to develop a strong code of ethics and establish appropriate internal control measures to prevent corruption. |
| အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သည် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၇၂ ၊ပုဒ်မခွဲ (ခ)အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။ | The Anti-Corruption Commission issues the following Notification under Section 72 Sub-section (b) of the 2013 Anti-Corruption Law. |
| ၁။အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ထ) တွင် မည်သည့် ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းကို မဆို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေး အတွက် အမိန့်ထုတ်ပြန် ဆောင်ရွက်ခြင်း ဟု ပြဋ္ဌာန်းထားပါသည်။ | 1. Section 16(q) of the 2013 Anti-Corruption Law, provides for the Anti-Corruption Commission to issue a Notification concerning the need for all business to establish a strong business code of ethics to prevent corruption. |
| ၂။သို့ဖြစ်ရာ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများ သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲနိုင်ရန်အတွက် လည်းကောင်း၊ မိမိတို့ အဖွဲ့အစည်းများအတွင်း သင့်လျော်သော ထိန်းချုပ်မှု နည်းလမ်းများကို ချမှတ်ဆောင်ရွက် | 2. The following fundamental principles have therefore been identified for private sector organisations to develop a strong business code of ethics as well as to establish appropriate internal control measures to prevent corruption. |

| | |
|---|---|
| နိုင်ရန်အတွက်လည်းကောင်း အောက်ပါ အချက်များကို<br>အခြေခံရန် သတ်မှတ်လိုက်သည် - | |
| (က)။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက်<br>ခိုင်မာ၍ ထိရောက်မှုရှိသော<br>မူဝါဒချမှတ်ရန်နှင့်  အဆိုပါ မူဝါဒကို<br>အမြင့်ဆုံး စီမံခန့်ခွဲမှုမှ ထောက်ခံမှု ရှိရန် ။ | a) Strong, effective policy and support from top-level management to fight corruption |
| (ခ)။အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု<br>ကို  ထိရောက်စွာ<br>လေ့လာဆန်းစစ် ဖော်ထုတ်၍   သုံးသပ်<br>အကဲဖြတ်ရန်မှု ရှိရန်။ | b) Risk assessment to effectively identify and evaluate exposure to corruption |
| (ဂ)အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု မြင့်မားပြီး<br>ထိလွယ်ရှလွယ်သော နယ်ပယ်များအတွက်<br>ပိုမိုတိ ကျသော အသေးစိတ် ဆောင်ရွက်မှုများ<br>ထားရှိရန်၊ | c) Enhanced and detailed measures for high-risk and vulnerable areas |
| (ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက်<br>ဆောင်ရွက်မှုများသည် မိမိလုပ်ငန်းများ သာမက<br>ချိတ်ဆက်ဆောင်ရွက်နေသော  လုပ်ငန်းကွင်းဆက်များ<br>အားလုံးနှင့် အကျုံးဝင် စေရန်၊ | d) Application of anti-corruption measures to business partners |
| (င) စာရင်းဇယားများနှင့် စာရင်းမှတ်တမ်းများကို<br>စနစ်ကျ မှန်ကန်စွာ ထားရှိရန်၊ | e) Accurate books and accounting records |
| (စ)အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အထောက်<br>အကူဖြစ်စေမည့် လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှု<br>မူဝါဒများ ထားရှိရန်၊ | f) Human resource management policies complementary to anti-corruption measures |
| (ဆ) အဂတိလိုက်စားကြောင်း သံသယရှိမှုကို<br>သတင်းပေးပို့နိုင်သော ယုံကြည်စိတ်ချရသည့်<br>ယန္တရားများ ထားရှိရန်၊ | g) Establish trust worthy reporting mechanisms to report suspected corrupt behaviours. |
| (ဇ) အဂတိလိုက်စားမှု<br>တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများအပေါ်<br>ပုံမှန်သုံးသပ် အကဲဖြတ်မှု စနစ်ထားရှိရန်။ | h) Periodic review and evaluation of anti-corruption prevention measures. |
| | Aung Kyi<br>Chairman of Anti-Corruption Commission |
| | Letter No.<br>Date.<br>Distribution. |

| | |
|---|---|
| | Copy. |